# ၁၃ ကြိမ်မြောက်အာဆီယံစီးပွားရေးအသိုက်အဝန်းအလုပ်ရုံဆွေးနွေးပွဲ

## (ဩဂုတ်လ (၉)ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)





**နိဒါန်း**

၁၃ ကြိမ်မြောက် အေအီးစီအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ နီလာရတုခန်းမ၌ "အာဆီယံစီးပွားရေးအသိုက်အဝန်းအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့ရာ ရန်ကုန် စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်နိုင်ဦးအပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် သတင်းထောက်များ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရွှေရတုအကြို အခမ်းအနား ကျင်းပရေးကော်မတီတို့၏ပူးပေါင်းမှုဖြင့် PT&MM Event Ads Co.,LTD မှ စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ-

(က) "**အာဆီယံစီးပွားရေးအသိုက်အဝန်းဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်**"

(ဦးတင်ချို၊ Senior Advisor ၊ Parami Energy Group of Companies)

(ခ) " **AEC Blueprint**"

(ဒေါ်တင်တင်ထွေး(အငြိမ်းစား-ညွှန်ကြားရေးမှူး) National AFTA Unit)

(ဂ) " **SME များအရေးပါပုံနှင့် လက်ရှိ SME များအခြေအနေ** "

ဦးဇော်သန်း၊ အယ်ဒီတာချုပ်၊ ECO Echo Journal

(ဃ) " **အာဆီယံအကြောင်းသိကောင်းစရာ**"

ဒေါက်တာဒေါ်ခင်အုန်းသန့်(အငြိမ်းစားအကြံပေး)၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**ဆွေးနွေးချက်များ**

ဦးတင်ချိုက မိမိတို့ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုအနေဖြင့် ယခုကဲ့သို့လာရောက်ဆွေးနွေးခွင့်ရရှိသည့် အတွက် အတိုင်းမသိဝမ်းမြောက်ပါကြောင်း၊ မိမိအပါအဝင် လာရောက်ဆွေးနွေးသူများ အားလုံးသည် စီးပွားရေး တက္ကသိုလ်ကျောင်းထွက်များဖြစ်ကြသည့်အပြင် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုအဖွဲ့၏ အေအီးစီစကားဝိုင်း အဖွဲ့ဝင်များလည်း ဖြစ်ကြပါကြောင်း၊ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုသည် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခု ဖြစ်ပြီး လူမှုအကျိုးပြုပေါင်းစပ်လုပ်ငန်းများ (CSR) ကို အားတက်သရောဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) အကောင်

အထည်ပေါ်လာမည်ဖြစ်ပါကြောင်း၊ အေအီးစီတွင် အခွင့်အလမ်းများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိမည်ဖြစ်ရာ အခွင့်အလမ်းများကို ရယူနိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ တဝှမ်းရှိ ပြည်သူများ အေအီးစီအသိပညာတိုးပွားစေရေးအတွက် ဆွေးနွေးပွဲများ ပြုလုပ်လာသည်မှာ ယနေ့ရန်ကုန် စီးပွားရေးတက္ကသိုလ်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ၁၃ ကြိမ်မြောက်ဖြစ်ပါကြောင်း၊ အေအီးစီ နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသားများ ပိုမိုသိရှိနားလည်ရန်အတွက် မိမိတို့အနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက် ပြုလုပ်သွားမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဒေါ်တင်တင်ထွေးက အာဆီယံကို ၁၉၆၇ခုနှစ် ဩဂုတ်လ၈ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ၁၉၈၁ ခုနှစ်တွင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတွင် ဖွင့်လှစ်ခဲ့ ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဘာလီတွင် ကျင်းပခဲ့သော အာဆီယံထိပ်သီး အစည်းအဝေး၌ နိုင်ငံ ခေါင်းဆောင်ကြီးများမှ ၂၀၂၀ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြေညာခဲ့ပါကြောင်း၊ သို့ရာတွင် အာဆီယံခေါင်းဆောင်ကြီးများ၏ စိတ်အားထက်သန်မှုကြောင့် အာဆီယံစီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည် ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့ပါကြောင်း၊ အေအီးစီသွင်ပြင်လက္ခဏာများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး အေအီးစီအကောင်အထည်ပေါ်လာသည့်အခါ ရင်းနှီးမြှုပ်နှံလိုသူများကို အခြား နိုင်ငံများနှင့် အပြိုင်ဆွဲဆောင်ရမည်ဖြစ်ပါကြောင်း၊ နယ်နိမိတ်အတားအဆီးများ မရှိတော့သည့်အတွက် အရည် အချင်း ပြည့်ဝသည့်လုပ်သားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း အများအပြားရရှိမည်ဖြစ်ရာ မိမိတို့ နိုင်ငံသားများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်ပါကြောင်းပြောကြားပါသည်။

ဆက်လက်ပြီး ဦးဇော်သန်းက SME သည် နိုင်ငံစီးပွားရေး၏တတိယ အရေးကြီးဆုံး ဒေါက်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် SME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနဖွဲ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် SME လုပ်ငန်းပေါင်း ၃၈၀၀၀ ကျော်သာရှိပါကြောင်း၊ အသေးစားနှင့်အလတ်စားစက်မှု ဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၁၀ဘီလီယံငွေထုတ်ချေးခဲ့ပြီးလုပ်ငန်းပေါင်း ၆၂ ခုကိုထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ၂၀ ဘီလီယံထပ်မံထုတ်ချေးခဲ့ပြီး ရန်ကုန်တွင် ၅ဘီလီယံ၊ နေပြည်တော်နှင့် ပြည်နယ် များအတွက် ၁၅ ဘီလီယံသတ်မှတ်ထားပါကြောင်း၊ အတိုးနှုန်းမှာ ၈.၅ ရာခိုင်နှုန်းဖြစ်ပြီး ၃ နှစ်သာထုတ်ချေးမည် ဖြစ်ပါကြောင်း၊ ပြည်ပမှကူညီပေးမှုများရှိနေပြီး အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများ ပံ့ပိုးဖြည့်ဆည်း ပေးရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာ့စီးပွားရေးဈေးကွက်ကိုလေ့လာရမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က အာဆီယံအကြောင်းသိကောင်းစရာကို ပြောကြားရမည်ဖြစ်သော်လည်း အချိန်ကိုငဲ့ကွက်ခြင်းအားဖြင့် အာဆီယံအကြောင်း အကျဉ်းချုပ်ကိုသာ ပြောကြားခဲ့ပါသည်။

**အမေးအဖြေကဏ္ဍ**

ဆက်လက်ပြီး မေးခွန်းများမေးမြန်းခဲ့ရာ M.Dev ပထမနှစ်ကျောင်းသား ဦးဆွေမင်းက စံချိန်စံညွှန်းဥပဒေ နှင့် စားသုံးသူဥပဒေများနှင့်ပတ်သက်ပြီး မြန်မာသတင်းစာများတွင် ဖော်ပြနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မည်သည့်အခြေအနေ ရောက်နေပြီကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က မြန်မာနိုင်ငံအနေဖြင့် ဥပဒေများ ထုတ်ပါကြောင်း၊ ယင်းသို့ လုပ်ဆောင် ရခြင်းမှာ လုပ်ဖော်ကိုင်ဖက် တခြားနိုင်ငံများ၏တွန်းအားကြောင့်ဖြစ်နိုင်ပါကြောင်း၊ သို့ရာတွင် အားနည်းမှုများ ရှိနေသေးပါကြောင်း ပြန်လည်ဖြေကြားပါသည်။

M.Dev ပထမနှစ်ကျောင်းသား ဦးဇေဖြိုးဆန်းက သမ္မတကြီးမိန့်ခွန်းပြောကြားရာ၌ အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဟု ပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်မျှပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည်ကို သိလိုပါကြောင်း၊ ထို့အပြင် တောင်တရုတ်ပင်လယ်အရေးတွင် မြန်မာနိုင်ငံအနေနှင့် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကိုသိလိုပါကြောင်း၊ နောက်ဆုံးအနေနှင့် မတူညီသည့် နိုင်ငံများအကြားမည်သို့ ပေါင်းစည်းဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတွင် အားအနည်းဆုံးဖြစ်ပါကြောင်း၊ တောင်တရုတ်ပင်လယ်အရေးတွင် မြန်မာနိုင်ငံအနေဖြင့် လိမ်မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းမည်ဟု မိမိအနေဖြင့် မြင်မိပါကြောင်း၊ အာဆီယံနိုင်ငံများအကြား မတူညီမှုများရှိသော်လည်း ယဉ်ကျေးမှုတွင် တူညီသည်များ များပြား ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

နောက်ဆုံးအနေနှင့် ဦးကြည်စိုးဝင်းက မြန်မာနိုင်ငံတွင် အေအီးစီအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရာတွင် မြို့ကြီးများတွင်သာကျင်းပခြင်းဖြင့် မလုံလောက်ပါကြောင်း၊ ကျေးလက်တွင်နေထိုင်သည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများကို အသိပညာပေးရန်လည်း လိုအပ်ပါကြောင်း ပြောကြားပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က ပါရမီအနေဖြင့် မြန်မာနိုင်ငံနေရာအနံ့တွင် အေအီးစီ အသိပညာပေးပွဲများ ပြုလုပ်နေပါကြောင်း၊ အခြားသူများလည်း ပါရမီနည်းတူ ပါဝင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားပါသည်။ ဆက်လက်ပြီး ဦးတင်ချိုက အေအီးစီအသိပညာပေးသည့်အစီအစဉ်ကို ပုံမှန်အားဖြင့် အစိုးရအနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပါရမီအနေဖြင့် လူထုနှင့်အစိုးရအကြား ကွာဟနေသည့်ကွက်လပ်ကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အေအီးစီဆွေးနွေးပွဲများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် ဩဂုတ်လနောက်ဆုံးသတင်းပတ်တွင် မန္တလေး၌ အေအီးစီအလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပရန်လည်း စီစဉ်နေပါကြောင်း၊ စီးပွားရေးတက္ကသိုလ်ရွှေရတုအခမ်းအနားတွင် ပါရမီအနေဖြင့် ပြခန်းတစ်ခန်းယူပြီး AEC ဟောပြောပွဲများအကြောင်းကို ပြသမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများလုပ်ဆောင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန်အတွက် ပါရမီမှ ယခုတက်ရောက်လာသူများကို ဖိတ်ခေါ်ပါကြောင်း၊ လုပ်အားပေး၊ အလုပ်သင်၊ အမြဲတန်းဝန်ထမ်းစသည်ဖြင့် အဆင့်ဆင့်ခေါ်ယူမည်ဖြစ်ပါကြောင်း ပါရမီရှေ့လုပ်ငန်းစဉ်များအဖြစ် ပြောကြားသွားပါသည်။

**နိဂုံး**

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်နိုင်ဦးက ပါရမီစကားဝိုင်းဆွေးနွေးအဖွဲ့ဝင်များအားဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၄နာရီအချိန်တွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကောက်ယူခဲ့သည့်စစ်တမ်းအရ တက်ရောက်လာသူကျောင်းသားများထဲမှ သုံးပုံနှစ်ပုံသည် ယခင်အေအီးစီအကြောင်း စိတ်မဝင်စားသည့်အပြင် ဗဟုသုတမရှိသူများဖြစ်ကြကြောင်း၊ ဆွေးနွေးပွဲတက်ရောက်ပြီးနောက် ၎င်းတို့အနေဖြင့် အေအီးစီအကြောင်း သိမြင်ကာ စိတ်ဝင်စားမှုရှိလာပါကြောင်း၊ ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ အနေဖြင့် နောင်အလုပ်ရုံဆွေးနွေးပွဲများတွင် SME ၊ AEC Blueprint အကြောင်း အပြည့်အစုံ၊ CSR နှင့် Capacity Building စသည့်ခေါင်းစဉ်များကို ဆွေးနွေးပေးစေလိုပါကြောင်း အကြံပြုဖော်ပြထားပါသည်။